**မီးယပ်ရောဂါကုဌာနတွင် ၂၀၁၂ ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ်စက်တင်ဘာလအထိ**

**လာရောက်ကုသသော သွေးဆုံးမီးယပ်အဆစ်နာများအား လေ့လာခြင်း**

မြင့်မြင့်ကြည်၊ သွယ်သွယ်ဝင်း၊တိုးတိုးသိမ့်၊ အေးသီတာခိုင်၊ ဟေမာကျော်

ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံကြီး၊ မန္တလေးမြို့

သွေးဆုံးမီးယပ်ရောဂါဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် လစဉ်မှန်မှန် သက်ဆင်း ရမည့် ဓမ္မတာ သွေးလုံးဝရပ်ဆဲတော့မည့် အချိန်မှစ၍ နောက်ပိုင်းဖြစ်ပေါ်လာသောရောဂါကို သွေးဆုံးမီးယပ်ဓမ္မတာ သွေးလုံးဝရပ်စဲတော့မည့် အချိန်မှစ၍ နောက်ပိုင်းဖြစ်ပေါ်လာသောရောဂါ သွေးဆုံးမီးယပ်ရောဂါ ဟုခေါ်ပါသည်။ သွေးဆုံးပြီးအများဆုံး တွေ့ရသော အဆစ်နာရောဂါများ တွင် သွေးလေးဖက်နာ (RA) နှင့် ပိုးလေးဖက်နာ၊ အရိုးကျီးပေါင်းတက်၊ ခါးနာ၊ ဒူးနာ၊ အရိုးနု ကျွံခါးနာ၊ အရိုးပွရောဂါ၊ အရိုးကျီးပေါင်းတက်၊ လည်ပင်းနာရောဂါများကို အတွေ့ရများပါ သည်။ ထို့အပြင် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအထိ လာရောက်ကုသ သော သွေးဆုံးမီးယပ် အဆစ်နာ လူနာ ၂၀ ဦး၏ ကုထုံးဆေးချက်၊ သောက်ဆေး၊ လိမ်းဆေး အထောက်အကူပြု ကုထုံးများ ဆောင်ရန် ရှောင်ရန်များကို ဖော်ပြထားပါသည်။